UNHCR
The UN Refugee Agency



# THAILAND

20 September – 4 October 2018

## MEDIA MONITORING REPORT # 191

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာစေရန် အဖွဲ့အားလုံးပူးပေါင်းပါဝင်ချင်သည့် ပြည်ထောင်စု တည်ဆောက်ရန် အစိုးရမှ တိုက်တွန်း

The Irrawaddy, 28 September 2018

ချင်းမိုင်-ထိုင်းနိုင်ငံ- ခွဲမထွက်ရေးကိစ္စနှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အကြပ်အတည်းကို ဖြေရှင်းနိုင်ရန် အတွက် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သော ပါဝင်သူအဖွဲ့အစည်းများ အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာသုံးသပ်သူများမှ အစိုးရအား တိုင်းရင်းသား အဖွဲ့များမှ မခွဲထွက် ရေးကတိကို ထိန်းသိမ်းထားရန် မလိုအပ်သော အခြေအနေများရှိသည့် ပြည်ထောင်စုတစ်ခုကို တည်ဆောက်ခြင်းအပေါ် အစိုးရ၏ ကြိုးပမ်းအား ထုတ်မှုများကို အာရုံစိုက်လုပ် ဆောင်ရန် တိုက်တွန်းခဲ့သည်။



ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့ဆက်ရန်အတွက် မရှိ မဖြစ်လိုအပ်ချက်တစ်ခုအဖြစ် ပြည်ထောင်စုမှ မည်သည့်အခါမျှ ခွဲမထွက်ရေး ကတိကို တိုင်းရင်းသားအဖွဲ့အစည်းများမှ ကတိပေးရမည်ဟု တပ်မတော်မှ တောင်းဆိုထားသည်။ တိုင်းရင်းသား အဖွဲ့အစည်းများမှ ထိုတောင်းဆိုချက်ကို ငြင်းဆိုထားပြီး ထိုတောင်းဆိုချက်သည် ၎င်းတို့ကို ငြိမ်းချမ်းရေးကို ရှေ့ဆက်ရန် ဆိုးကျိုး (အဟန့်အတား) ဖြစ်စေသည်ဟု ယုံကြည်လျှက်ရှိသည်။

ခွဲမထွက်ရေးကို ကတိမပေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲခြင်းမပြုနိုင်ပါဟု တပ်မတော်မှ ပြောကြားထားခြင်းကြောင့် ခွဲထွက်ရေးကိစ္စရပ်သည် အတားအဆီးတစ်ခုအဖြစ်ရှိနေသည်ဟု တိုင်းရင်းသားရေးရာနှင့် နိုင်ငံရေးရာကို အနီးကပ် သုံးသပ်တစ်ဦးဖြစ်သော ဦးမောင်မောင်စိုးမှ ပြောကြားခဲ့သည်။ စာရွက်ပေါ်တွင်သာ ရှိမည့် ထိုကတိကို တောင်းဆိုနေမည့်အစား မည်သူမှ မခွဲထွက်ချင်သော ပြည်ထောင်စုတစ်ခုကို တည်ဆောက်ခြင်းသည် ပထမဦးစားပေးဖြစ်သည်မဟုတ်ပါလား ဟုဆိုသည့် ၎င်းတို့၏ အကြံပြုချက်ကို ဦးမောင်မောင်စိုးမှ ထပ်မံပြောကြားခဲ့သည်။

NLD အစိုးရဦးဆောင်သော အစိုးလက်ထက်တွင် ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက်ကျင်းပသော အစည်းအဝေးဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင်ပထမအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မူရင်းပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သူများ၏ သားစဉ်မြေးဆက်များနှင့်အတူ ကျွမ်းကျင်သူ အနည်းငယ် တက်ရောက်ခဲ့သည်။

ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်နှင့် ဗမာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တချို့၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ထားသူများနှင့် မူဝါဒပိုင်းဆိုင်ရာ ဆက်စပ်သူများ၊ မြန်မာငြိမ်းချမ်းရေးစင်တာ ဝန်ထမ်းဟောင်းများ၊ စာရေးဆရာများနှင့် သတင်းထောက်များသည် အဆိုပါ ဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။ ၎င်းတို့သည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစ်ရက်တာ ဆွေးနွေးခဲ့ပြီး ၎င်းတို့၏ အ

UNHCR
The UN Refugee Agency

သိအမြင်များကို မျှဝေခဲ့ကြသည်။ တက်ရောက်သူများအားလုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နီးကပ်စွာ ပါဝင် ဆောင်ရွက်နေသူများ ဖြစ်သည်။

အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်တွင် အတွင်းရေးမှူးဖြစ်သူ ဦးခင်ဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့သည် အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း နိုင်ငံ၏ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်ဆံ လုပ်ဆောင်ရာတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများကို အသေးစိတ် မျှဝေခဲ့ကြပြီး အဘယ်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှောင့်နှေးနေရသည်နှင့်ပတ်သက်၍ တက်ရောက်သူများ၏ သဘောထားအမြင်များကို ပြောကြားရန် ကမ်းလှမ်းခဲ့သည်။

"အစိုးရမှ ၎င်း၏ ကြိုးပမ်းနေမှုများကို တင်ပြခဲ့ခြင်းအား နားထောင်ခဲ့ပြီးနောက် မိမိ၏အမြင်ဖြစ်သော ငြိမ်းချမ်းရေး ခရီးစဉ်ကို ရှေ့ဆက်လှမ်းနိုင်ရန်နှင့် ဖက်ဒရယ်နိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတစ်ခုလုံး၏ အချုပ်အခြာအာဏာကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တစ်ဦးချင်းစီ(အဖွဲ့အစည်းများ)၏ အချုပ်အခြာအာဏာကို ထည့်သွင်းစဉ်းစား၍ မရပါ" ဟုပြော ကြားခဲ့ကြောင်း အမျိုးသား ဒီမိုကရက်တစ်အင်အားစုပါတီ (NDF) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်ဆွေမှ ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် တက်ရောက်သူ ၂၉ ဦးမှ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို မျှဝခဲ့ကြပြီး အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးမှူး များမှ ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများနှင့်ဆက်နွယ်သော နားလည်မှုလွဲခြင်းအချို့ကို ဖြေရှင်းပေးနိုင်ခဲ့သည်ဟု ကော်မရှင်၏ အကြံပေးတစ်ဦးဖြစ်သူ ဦးလှမောင်ရွှေမှ ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းရေးမှူးဟောင်းများဖြစ်သည့် ဦးအောင်မင်းနှင့် ဦးခင်ရီတို့ကဲ့သော ဖိတ်ကြားထားသူ တချို့သည် တခြားအစီအစဉ်များရှိခြင်းကြောင့် ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ခြင်းမရှိပါ။ တခြားသူများသည် ရန်ကုန်သို့ ခရီးသွားနေရသောကြောင့် တက်ရောက်နိုင်ခြင်းမရှိပါ။

အသေးစိတ်ဆွေးနွေးခြင်းမရှိခဲ့သော်လည်း ငြိမ်ချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်လျှက်ရှိသော ကိစ္စရပ်တိုင်းကို ဆွေးနွေးခဲ့သည်ဟု ဦးလှမောင်ရွှေမှ ဧရာဝတီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်ရန် အဓိကကျသော အကျပ်အတည်းများသည် ခွဲမထွက်ရေး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် တားမြစ်ထားခြင်းနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပါအဝင် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရကြား စေ့စပ်ညှိနှိုင်းမှုများ မရှိခြင်းတို့ ဖြစ်သည်။

မြစ်ကြီးနားအခြေစိုက် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့(PCG)၏ ခေါင်းဆောင်ဖြစ်သူ Yup Zau Khawng မှ ဆွေးနွေးပွဲတက်ရောက်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ကြောင်း ဦးလှမောင်ရွှေမှ ပြောကြားခဲ့သည်။ KIA နှင့် အစိုးရဟောင်း ကြား ဆွေးနွေးပွဲများတွင် အဓိကကျသော အကျိုးတော်ဆောင်အဖြစ် PCG မှ ဆောင်ရွက်ခဲ့သည်။

အစိုးရမှ တုံ့ပြန်ရန် အခွင့်အရေးပေးချိန်တွင် တက်ရောက်သူအများစုမှ ၎င်းတို့၏ စိုးရိမ်မှုများကို ဖွင့်ဟပြောရန် အခွင့်အရေးရရှိသောကြောင့် (ပုံမှန်) အစည်းအဝေးများအတွက် ကျွန်ုပ်တို့အချိန်ပိုရှိလျှင် ထိုဆွေးနွေးပွဲများသည် ကောင်းမည်ဟု ဦးလှမောင်ရွှေမှ ပြောကြားခဲ့သည်။

သမ္မတဟောင်း ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပါဝင်သူအဖွဲ့အစည်းများ ဆွေးနွေးပွဲများကို မကြာခဏ ကျင်းပခဲ့သည်။

Link: [https://www.irrawaddy.com/news/advance-peace-process-govt-urged-build-union-groups-want-join.html](https://www.irrawaddy.com/news/advance-peace-process-govt-urged-build-union-groups-want-join.html)

## <u>မြန်မာခေါင်းဆောင်များအတွက် ကိုရီးယားထိပ်သီးဆွေးနွေးပွဲမှ သင်ခန်းစာများ</u>

The Irrawaddy, 24 September 2018

တောင်ကိုရီယားသမ္မတ မွန်းဂျေအင်သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် သမိုင်းဝင် ဆွေးနွေးပွဲ ပြုလုပ် ရန် စက်တင်ဘာလ ၁၈ ရက်နေ့က မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာသည်။ ၂၀၀၀ ပြည့်နှစ်က မြောက်ကိုရီးယားသို့ လာရောက်သော ကင်ဒေးဂျုံနှင့် ၂၀၀၇ ခုနှစ်က လာရောက်သည့် ရိုမူဟွန်းတို့ပြီးလျှင် မွန်းသည် မြောက်ကိုရီးယားသို့ရောက်လာ



သော တတိယမြောက် တောင်ကိုရီးယား သမ္မတ ဖြစ်သည်။

စက်တင်ဘာလအတွင်း မွန်း- ကင် ဆွေးနွေးပွဲသည် တတိယအကြိမ်မြောက်ဖြစ်ပြီး တောင်နှင့် မြောက်ကိုရီးယား အ ကြား ပဋ္ဌမမြောက် ထိပ်သီးဆွေးနွေးပွဲ ဖြစ်သည်။ လက်ရှိ သမ္မတနှစ်ဦးအကြား ယခင် ဆွေးနွေးပွဲများကို ယခုနှစ်အစောပိုင်း ဧပြီလ ၂၇ ရက်နေ့နှင့် မေလ ၂၆ ရက်နေ့များက တောင်နှင့် မြောက်ကိုရီးယား နယ်စပ်တွင် ကျင်းပခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့၏ တက်ညီလက်ညီ လှုပ်ရှားမှုမှာ ချီး ကျူးဖွယ်ရာဖြစ်သည်။ ၂၀၁၇ ခုနှစ် မေလတွင် မွန်း စတင် တာဝန်ယူပြီးနောက် တိုတောင်းလှသောကာလအတွင်း သုံးကြိမ်မြောက် တွေ့ဆုံမှုလည်း ဖြစ်သည်။

နောက်ဆုံးကျင်းပသည့် ပြုံယမ်း အစည်းအဝေးတွင် နျူကလီးယားလက်နက် ဖျက်သိမ်းရေးနှင့် ထာဝရ ငြိမ်းချမ်းသော စနစ်တခုဖန်တီးခြင်းဖြင့် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးတို့ကို ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲတွင် မကြုံစဖူး ထူးကဲသော နျူလက်နက်ဖျက်သိမ်းရေး သဘောတူညီမှုရရှိသည်။ နောင် တုံချမ်းရီမှ ဒုံးကျည်စမ်းသပ်စခန်းကို အပြီးအပိုင် ဖျက်သိမ်းရေးဖြစ်သည်။

မြန်မာခေါင်းဆောင်များအနေဖြင့် ကိုရီးယားခေါင်းဆောင်များထံမှ လေ့လာရန် ထူးခြားသော သင်ခန်းစာ သုံးခုရှိသည်။

ပထမ သင်ခန်းစာမှာ နျူကလီးယား ဖျက်သိမ်းရေးအတွက် ၎င်းတို့၏ စိတ်အားထက်သန်မှုနှင့် ဆုံးဖြတ်ချက် ပြတ်သားမှုဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားဖျက်သိမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ၎င်းတို့ ကိုယ်တိုင်မှလွဲ၍ မည်သူ့တွင်မျှ တာဝန်မရှိကြောင်း မွန်းနှင့် ကင် နှစ်ဦးစလုံးတို့ နားလည် သဘောပေါက်ထား ကြပုံရသည်။ ထို့ကြောင့် ထိုအစည်းအဝေးကို ကျင်းပနိုင်ရန် အားထုတ်ကြခြင်း ဖြစ်သည်။

ဒုတိယ သင်ခန်းစာမှာ စတင်ဆွေးနွေးရန်အတွက် တဖက်နှင့်တဖက် အထူး သံတမန်များကို နှစ်ဖက်စလုံးက စေလွှတ်ကြခြင်းဖြစ်သည်။ မွန်း၏ ပြုံယမ်းထိပ်သီးဆွေးနွေးပွဲ မတိုင်မီ ခေါင်းဆောင်နှစ်ဦးတို့သည် ရင်းနှီးသော ဆက်ဆံရေး ထူထောင်ရေးနှင့် ထိပ်သီးဆွေးနွေးပွဲ အဆင်ပြေချောမွေ့ရေးအတွက် အထူးသံတမန်များကို စေလွှတ်ခဲ့ ကြသည်။

“အထူးသံတမန် ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်ဟာ အရမ်းကိုအောင်မြင်တယ်။ ရလဒ်တွေက ထင်ထားတာထက် အများကြီးကို ကောင်းနေတယ်” ဟု မွန်းက စက်တင်ဘာလ အစောပိုင်းတွင် မြောက်ကိုရီးယားသို့ အထူးသံတမန် ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီးနောက် ပြောသည်။

တတိယ သင်ခန်းစာမှာ မြောက်ကိုရီးယားနိုင်ငံတွင် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းဖြစ်သည်။ မွန်းသည် ငြိမ်းချမ်းရေး အတွက် ဆုံးဖြတ်ချက်ပြတ်သားမှုကို ပြသသည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ သမိုင်းဝင် သွားရောက်သည်။ သုံးကြိမ်မြောက် တွေ့ဆုံအပြီးတွင် ကင် ကလည်း မကြာတော့သော အနာဂတ်တွင် တောင်ကိုရီးယားသို့ သွားရောက်နိုင်ခြေရှိကြောင်း ထုတ်ဖော်ပြောဆို လာရသည်။

နှစ်ဖက်စလုံး၏ ထိုသို့ တက်ညီလက်ညီရှိသော အားထုတ်မှုများကြောင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင် သည် ထရမ့်၏ သမ္မတသက်တမ်း ကုန်ဆုံးသော ၂၀၂၁ ခုနှစ် ဇန်နဝါရီလ မတိုင်မီ သုံးနှစ်အတွင်း နျူကလီးယား အပြည့်အဝ ဖျက်သိမ်းရေးကို ရည်ရွယ်လာပုံရသည်။ နျူကလီးယား ဖျက်သိမ်းရေးအပြင် ကိုရီးယား ခေါင်းဆောင် နှစ်ဦးတို့သည် ၂၀၃၂ ခုနှစ် အိုလံပစ် ပွဲကို ပူးတွဲအိမ်ရှင်များအဖြစ် လက်ခံကျင်းပရေးအတွက် ကြိုးစားရန်လည်း သဘောတူကြသည်။

နျူကလီးယား လက်နက်များလောက် အရေးမပါသော ပြည်တွင်း ပဋိပက္ခ ဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကို စောစီးစွာ ထိန်းချုပ်နိုင်ခဲ့သင့်ပြီး သက်ဆိုင်ရာအဖွဲ့များမှ ခေါင်းဆောင်များ၏ အားထုတ်မှုဖြင့် ပိုမိုလျှင်မြန်စွာ ဖြေရှင်းခဲ့သင့်သည်။ သို့သော် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှည်ကြာသော ဖြစ်စဉ်ဖြစ်နေပြီး ငြိမ်းချမ်းရေးမရဘဲ အကျပ်အတည်း များကိုသာ ရရှိနေသည်။

အစိုးရ ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင် (UPC) ၏ ရက္ခိုင့် တပ်မတော် (AA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) တို့ပါဝင်သည့် မြောက်ပိုင်းမဟာမိတ်များနှင့် စက်တင်ဘာလ ၅ ရက်နေ့က တရုတ်နိုင်ငံ ကူမင်းတွင် ကျင်းပသည့် အစည်းအဝေးသည် ဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်ရေးအားထုတ်မှုကို ပိုမို ကောင်းမွန်စေသည့် အပြုသဘောဆောင်သော ခြေလှမ်းဖြစ်သည်။

စိတ်ထိခိုက်စရာ ကောင်းသည်မှာ ထိုနေ့တွင်ပင်စီစဉ်ထားသည့် UPC နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့အကြား အစည်းအဝေးကို ပြင်ဆင်မှု အားနည်းချက်များအတွက် ဖျက်သိမ်းလိုက်ရခြင်း ဖြစ်သည်။

ထိုအစည်းအဝေးမှာ တပ်မတော်မှ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနိုင် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့နှင့် ဗိုလ်ချုပ်ကြီး အန်ဗန်လ ဦးဆောင်သည့် KIO ကိုယ်စားလှယ်များ ဖေဖော်ဝါရီလနှင့် ဩဂုတ်လ တွေ့ဆုံပြီး ထပ်မံတွေ့ဆုံရန် ပြင်ဆင်ကြခြင်းဖြစ်သည်။ ထိုအစည်းအဝေးများတွင် တပ်မတော်၏ အတင်းအကျပ် ပြုခြင်းနှင့် ထပ်မံဆွေးနွေးပွဲများအတွက် ကြိုတင်စည်းကမ်းချက်များကြောင့် မည်သည့် ရလဒ်ကိုမျှ မရရှိခဲ့ပေ။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြန်ဆန်အောင်မြင်ရေးအတွက် နှစ်ဖက် (တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ) ခေါင်းဆောင်များ ငြိမ်းချမ်းရေးအတွက် ပြတ်သားသော ဆုံးဖြတ်ချက်ကို ရှေ့တန်းတင်ခြင်း၊ အထူးကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်း၊ နှစ်ဖက် ဒေသများကို အပြန်အလှန် သွားရောက်ခြင်းနှင့် တဖက်နှင့်တဖက် ကြိုတင် စည်းကမ်းသတ်မှတ်ချက် မရှိဘဲ တွေ့ဆုံခြင်းတို့ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် အရေးကြီးသည်။

၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခရီးရောက်ရေးအတွက် အရေးပါသည် သို့မဟုတ် ငြိမ်းချမ်းရေး အားထုတ်မှု တခုလုံးကို နောက်ယှက် ဖျက်ဆီးခြင်းကိုလည်း တားဆီးနိုင်သောကြောင့် မြန်မာခေါင်းဆောင်များ၊ အထူးသဖြင့် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ မြောက်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များထံမှ သင်ခန်းစာယူသင့်သည်။

"ကျနော်တို့တတွေ ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယား လက်နက် သို့မဟုတ် နျူကလီးယား ခြိမ်းခြောက်မှု ကင်းမဲ့တဲ့ ဒေသအဖြစ်ပြောင်းလဲပစ်ဖို့ တက်တက်ကြွကြွအားထုတ်ဖို့ ကျနော်တို့ သဘောတူခဲ့တယ်" ဟု မကြာသေးမီက ပြုံယမ်းတွင် ကျင်းပသည့် မွန်း-ကင် ထိပ်သီးဆွေးနွေးပွဲ၏ သတင်းစာရှင်းလင်းပွဲတွင် ကင် ပြောခဲ့သည့်အတိုင်း တပ်မတော် ဗိုလ်ချုပ်ကြီးများနှင့် တိုင်းရင်းသားခေါင်းဆောင်များ နှစ်ဖက်စလုံးတွင် ငြိမ်းချမ်းရေးအတွက် ခိုင်မာသော ဆုံးဖြတ်ချက်ရှိလျှင် ၎င်းတို့သည် ထိုစစ်မက်ဇုန်ကို တိုက်ခိုက်မှုမရှိသော ငြိမ်းချမ်းသည့် နယ်မြေအဖြစ် ပြောင်းလဲပစ်နိုင်မည်ဟု မြန်မာနိုင်ငံသားများက ယုံကြည်နေကြပါသည်။

Link: [https://www.irrawaddy.com/opinion/guest-column/korean-reconciliation-three-lessons-myanmars-leaders.html](https://www.irrawaddy.com/opinion/guest-column/korean-reconciliation-three-lessons-myanmars-leaders.html)

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

**အရည်အသွေးနဲ့ စည်းကမ်းကြပ်မတ်ဖို့ အရေးတကြီး လိုအပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်း**

Myanmar Times, 1 October 2018

ငလျင်လှုပ်လေ့ရှိတဲ့ မြန်မာနိုင်ငံမှာ လူနေထိုင်တဲ့အဆောက်အအုံ တွေရဲ့ကြံ့ခိုင်မှုက အလွန်အရေးပါနေပြီး စစ်တမ်းတွေရဲ့ ဖော်ပြချက်အရ ရန်ကုန်မြို့ရဲ့အဆောက်အအုံအများစုဟာ အန္တရာယ်ရှိအနေအထား မှာရှိနေပါတယ်။ ဒီအဆောက်အအုံတွေမှာ နေထိုင်နေသူတွေရဲ့ အသက်အန္တရာယ်လုံခြုံမှု ရှိမရှိဆိုတာ အဆောက်အအုံတွေရဲ့ ကြံ့ခိုင်မှု အနေအထားနဲ့ အများကြီး သက်ဆိုင်နေပါတယ်။



အဆောက်အအုံတွေရဲ့ အရည်အသွေး ပြည့်ဝစေဖို့နဲ့ အရည်အသွေး မပြည့်မီတဲ့ အဆောက်အအုံတွေကို စစ်ဆေးအရေးယူမှုတွေ ပြုလုပ်ဖို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးစားပေး လုပ်ဆောင်နေတယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနစုမှူး ဒေါ်နှင်းအိဝင်းက ဆိုပါ တယ်။

အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါ သဘာဝဘေး အန္တရာယ်ခံ နိုင်ဖို့အတွက် အဆောက်အအုံ စံသတ်မှတ်ချက်တွေ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဆောက်လုပ်ခွင့်ပါမစ်တင်တဲ့အခါ ဆောက်လုပ်ရေးစံ ညွှန်းတွေနဲ့အညီ ငလျင်ဒဏ်ခံနိုင်မှုနဲ့ ပတ်သက်ပြီး အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ အသေးစိတ် တွက်ချက်မှုတွေ ပါဝင်မှသာ ဆောက်လုပ်ခွင့်ပြုပေးနေတယ်လို့ လည်း ဒေါ်နှင်းအိဝင်းက ဆိုပါတယ်။

"အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါ စည်းမျဉ်းစည်းကမ်းတွေကို တကယ်လိုက်နာရဲ့လားဆိုတာကို ကွင်းဆင်းစစ်ဆေးနေပါတယ်။ စည်းကမ်းဖောက်ဖျက်ရင် လိုင်စင်ပိတ်သိမ်းတာတွေအထိ အရေးယူနေပါတယ်။ အရည်အသွေးမမီလို့ တစ်ခုခုဖြစ်သွားရင် ခံရမှာက အိမ်ရှင်တွေပါပဲ။ အဆောက်အအုံအရည်အသွေးအတွက် အင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုတဲ့ အင်ဂျင်နီယာတွေက တာဝန်ယူ၊ တာဝန်ခံရမှာပါ"လို့ ဒေါ်နှင်းအိဝင်းက ဆိုပါတယ်။

လက်ရှိအနေအထားအရ အဆောက်အအုံဆောက်လုပ်ခွင့် လာရောက်လျှောက်ထားမှုဟာ ခြောက်လပတ် တစ်ပတ်ကို ၆၀၀ ခန့် ရှိနေတယ်လို့လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သိရပါတယ်။ အဆောက်အအုံ စံသတ်မှတ်ချက်တွေဟာ အသစ် ဆောက်လုပ်မယ့် အဆောက်အအုံတွေအတွက်သာ ရှိနေပါတယ်။




ဒါပေမဲ့ လူနေထိုင်နေတဲ့ အဆောက်အအုံဟောင်းတွေဟာ အန္တရာယ်ရှိ အဆောက်အအုံတွေ ဖြစ်နေခဲ့မယ်ဆိုရင် ဘယ်လိုပြုပြင်ထိန်းသိမ်းသင့်လဲဆိုတာကို ကမ္ဘာ့ဘဏ်က နည်းပညာအကူအညီယူပြီး ရှာဖွေတွေ့ရှိထားတဲ့ အချက်တွေအပေါ်အခြေခံပြီး ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေ ဘယ်လိုချမှတ်မလဲဆိုတဲ့ အစီအစဉ်ကို လုပ်ဆောင်သွားဖို့ရှိတယ်လို့ ဒေါ်နင်းအိဝင်းက ပြောပါတယ်။

အဆောက်အအုံဟောင်းတွေ ပြုပြင်တဲ့အပြင် အသစ်ဆောက် လုပ်တဲ့ အဆောက်အအုံတွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေဖို့ ကြပ်မတ်လုပ်ဆောင်သင့်တယ်လို့လည်း ဗိသုကာပညာရှင်တစ်ဦးဖြစ်သူ ဦးဇာနည်အောင်က ပြောပါတယ်။

"ကိုယ်တိုင်ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ အကျိုးအပြစ်ဖြစ်ပေါ်ခဲ့ရင် တာဝန်ယူ၊ တာဝန်ခံ ဖြေရှင်း ပေးနိုင်ဖို့ လိုပါတယ်။ ဒါတွေမရှိသေးတော့ လူတိုင်းက အဖြစ်ပဲ လုပ်ကြတယ်။ တစ်ခုခုဖြစ်ရင်လည်း သူတို့နဲ့ ဘာမှမဆိုင်ဘူးလို့ သဘောထားလာကြတယ်"လို့ ဦးဇာနည်အောင်က ဆိုပါတယ်။

အဆောက်အအုံဆိုင်ရာ စံသတ်မှတ်ချက် (Building Code) တွေကို ထုတ်ပြန်ထားပြီးဖြစ်ပေမဲ့ ထပ်မံဖြည့်သွင်းစရာတွေ ကျန်နေသေး တယ်လို့ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က ပြောပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာက(Building Code) မှာမပါဝင်တဲ့ သစ်၊ ဝါးနဲ့ဆောက်တဲ့ အဆောက်အအုံက ပိုများပါတယ်။ ဒီအဆောက်အအုံတွေအတွက်လည်း မြေငလျင်ဒဏ်ခံနိုင်အောင် ဘယ်လိုပြုပြင် ဆောက်လုပ်သင့်တယ်ဆိုတဲ့အချက်တွေကို လေ့လာပြီး ပြန်ပြန်ဆင်တာမျိုးတွေလုပ်ဖို့ လိုပါတယ်"လို့ ဦးစောထွေးဇော်က ဆိုပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆောက်အအုံတည်ဆောက်မှုတွေကို ဖွင့်ပေးလိုက်တဲ့အချိန်မှာ ကျွမ်းကျင်မှု နည်းခဲ့ကြတာမို့ အဲဒီအချိန်ကဆောက်ခဲ့တဲ့ အဆောက်အအုံတွေဟာ ကြံ့ခိုင်မှု အရည်အသွေးနည်းပါးနေပြီး သေချာပြန်ဆန်းစစ်ဖို့ လိုအပ်တယ်လို့လည်း ဦးစောထွေးဇော်က မှတ်ချက်ပြုပါတယ်။

အဆောက်အအုံဟောင်း ၉၉ ရာခိုင်နှုန်းကို ပြန်ပြုပြင်ဖို့အတွက် စစ်ဆေးဖို့က လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါကြောင့် လူအများနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးရုံ စတဲ့ အဆောက်အအုံတွေကို ဦးစားပေး ပြုပြင်ထိန်းသိမ်းသင့်တယ်လို့လည်း သူက အကြံပြုထားပါတယ်။

ဆောက်လုပ်ရေးကဏ္ဍ အရည်အသွေးနိမ့်ကျမှုတွေက ဆောက်လုပ်ရေးအခြေခံလုပ်သားတွေကအစ ငွေရင်းစိုက်ထုတ် ရောင်းချတဲ့သူတွေအထိ အဆင့်ဆင့်တိုင်းမှာ တာဝန်ရှိပြီး နံပါတ်တစ် တာဝန်ရှိသူကတော့ မူဝါဒစည်းမျဉ်းစည်းကမ်းတွေကို ကြပ်မတ်ဆောင်ရွက်တဲ့ အစိုးရမှာ တာဝန်ရှိပါတယ်လို့ ဦးဇာနည်အောင်က ပြောပါတယ်။

"ဆောက်လုပ်ရေးကဏ္ဍကြီးတစ်ခုလုံး အရည်အသွေးကောင်းလာဖို့ တစ်ယောက်တည်းကောင်းအောင် လုပ်လို့လည်းမရဘူး။ သက်ဆိုင်ရာအဆင့်တိုင်း မှာရှိတဲ့သူတွေက ကိုယ့်အလုပ်ကို ကောင်းကောင်းမလုပ်ကြတဲ့အခါ နောက်ဆုံးထိခိုက်ရတာက အသုံးပြုသူတွေပဲဖြစ်ပါတယ်။ဒါကြောင့် အားလုံးမှာတာဝန်ရှိပါတယ်"လို့ ဦးဇာနည်အောင်က ဆိုပါတယ်။

ဆောက်လုပ်ရေးကဏ္ဍ အရည်အသွေးတိုးတက်လာဖို့အတွက် အစိုးရရဲ့မူဝါဒတွေအပြင် တာဝန်ယူဆောင်ရွက်တဲ့ ပညာရှင်တွေ၊ ကန်ထရိုက်တာ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ အင်ဂျင်နီယာ၊ အလုပ်သမားတွေနဲ့ ဆောက်လုပ်ရေးသုံး ပစ္စည်း တင်သွင်းရောင်းချသူတွေမှာလည်း တာဝန်ရှိတယ်လို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ဆိုပါတယ်။

ဆောက်လုပ်ရေးကဏ္ဍ အရည်အသွေးကောင်းမွန်လာဖို့အတွက် ဆောက်လုပ်ရေးကဏ္ဍနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ တခြားကဏ္ဍအသီးသီးက ကျွမ်းကျင်သူတွေအပြင် နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေကိုစုဖွဲ့ပြီး ဘယ်လိုအရာတွေကို ပြုပြင် ပြောင်းလဲလုပ်ဆောင်ဖို့ လိုအပ်တယ်ဆိုတာ အစိုးရအနေနဲ့ ဆွေးနွေးလုပ်ဆောင်သင့်တယ်လို့လည်း ဦးဇာနည်အောင်က ထောက်ပြပြောဆိုပါတယ်။ ဒါမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ပြုပြင်ပြောင်းလဲ စိစစ်ရမယ့် အရာတွေကို သေသေချာချာကြပ်မတ်နိုင်မှာဖြစ်ပြီး ဆောက်လုပ်ရေးကဏ္ဍ အရည်အသွေးလည်း ပိုမိုကောင်းမွန်လာမယ်လို့ သူကဆိုပါတယ်။

ဆောက်လုပ်ရေးကဏ္ဍ တိုးတက်ဖို့အတွက် တိုင်းပြည်စီးပွားရေး ကောင်းမွန်ဖို့လည်း လိုအပ်ပါတယ်။ ငွေများများပေးပြီး ဝယ်နိုင်တဲ့

သူတွေများလာမှသာ အရည်အသွေးကောင်းတဲ့တိုက်ခန်းတွေ၊ လမ်းတံတားတွေနဲ့ တခြားအခြေခံအဆောက်အအုံ တွေကို ဆောက်လုပ်လာနိုင်မှာဖြစ်တယ်လို့ ဦးဇာနည်အောင်က သုံးသပ်ပြောဆိုပါတယ်။

Link: https://www.mmtimes.com/news/closer-look-yangon-buildings-and-construction-industry.html

## ရန်ကုန်ရှိ စက်မှုဇုန်လုပ်သား ၇၀၀၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် UMFCCI ကူညီမည်

Myanmar Times, 1 October 2018

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၁၄ ခုတွင် ရှိသည့် လုပ်သား ၇၁၀၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရန် ကူညီပေးမည်ဖြစ်ကြောင်း အဖွဲ့အစည်း၏အကြီးတန်းအမှုဆောင်တစ်ဦးက ပြောခဲ့သည်။




အဆိုပါအဖွဲ့ချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်ခိုင်ခိုင်နွယ်က နှစ်လအတွင်း ကတ်ပြားရရှိအောင် အဖွဲ့နေနှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

“ဒေသကြီးက မြို့နယ် ၁၄ ခုမှာ လုပ်သား ၄ သိန်းနီးပါးရှိပါတယ်။ သူတို့ထဲက လုပ်သား ၇၁၀၀ က မှတ်ပုံတင်ကတ်ပြားမရှိပါဘူး။ သူတို့အတွက် ကတ်ကို ၂ လအတွင်း ရရှိအောင် ကျွန်မတို့ လုပ်ပေးမှာပါ ”ဟု ဒေါ်ခိုင်ခိုင်နွယ် က ပြောသည်။

စက်တင်ဘာ ၁၀ ရက်နေ့ကတည်းကပင် သူမတို့အနေနှင့် လဝကထံမှ NRC ကတ်ပြားရရှိရန်အတွက် ကြိုးစားနေကြောင်း ပြောခဲ့သည်။

NRCs ကတ်သည် အလုပ်သမားများ မည်သည်မည်ဝါဖြစ်ကြောင်း အထောက်အထားကတ်တစ်ခုဖြစ်ပြီး အလုပ်သမားများ ဥပဒေကို လိုက်နာရာတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သူမက ပြောခဲ့သည်။

“အလုပ်ရှင်နဲ့ အလုပ်သမားက အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှာပါ ”ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

လူဝင်မှုကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးသိန်းရွှေဝင်းက ကတ်အား ရန်ကုန်အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် တောင်ပိုင်းခရိုင်များရှိ ဗဟိုတည်နေရာများတွင် ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

မြန်မာနိုင်ငံစက်မှု၊ လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုနော်အောင်က နိုင်ငံသားစိစစ်ရေးကတ်ရှိထားလည်း ဘာမှထူးခြားသွားမှာ မဟုတ်ဘူးလို့ထင်လေ့ရှိကြတယ်။ မကြာသေးခင်ကပဲ နိုင်ငံသားကတ်မရှိတဲ့ သူတွေက ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာတာကို တွေ့ရတယ်၊ ဒါကြောင့် အလုပ်သမားတွေက ကတ်ထုတ်ပေးဖို့ တောင်းဆိုလာကြတာတွေ ရှိလာတယ် ဟု သူက ပြောသည်။

Link: https://www.mmtimes.com/news/business-group-vows-help-7000-yangon-workers-get-id-cards.html

## ဖွံ့ဖြိုးရေး စီမံကိန်းအတွက် သိမ်းဆည်းခံ မြေယာအများစု လျော်ကြေးမရရှိဟု KHRG ပြော

Karen News, 20 September 2018

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လုပ်ဆောင်နေသည့် ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကြောင့် သိမ်းဆည်းခံရသည့် မြေယာအများစုမှာ လျော်ကြေးငွေ မရရှိခဲ့ကြကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)က ပြောဆိုလိုက်သည်။




ထိုင်း-မြန်မာနယ်စပ် တစ်နေရာတွင် ယမန်နေ့( စက်တင်ဘာ ၁၈ရက်)က ပြုလုပ်သည့် KHRG၏ ‘လူထုပါဝင်ခွင့်မရှိသည့် စီမံကိန်းများ ’ အမည်ရှိ အစီရင်ခံစာ မိတ်ဆက်ထုတ်ပြန်ခြင်း အခမ်းအနားတွင် အစီရင်ခံစာ ပြော ခွင့်ရသူ စောဝေလေးက ထိုသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

၎င်းက “ပြည်သူတွေအများစုက မြေယာလျော်မရရှိကြဘူး

လို့ ကျနော်တို့ အစီရင်ခံစာထဲမှာ ရှင်းရှင်းလင်းလင်းပဲ ဖော်ပြထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ မြေယာ အမြောက်အများ အသုံးပြုကြ တယ်။ ဒါပေမဲ့ စီမံကိန်းအချို့လောက်ပဲ မြေယာ လျော်ကြေး အနည်းငယ်သာ ပေးဆောင်လို့ပါ"ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် မြေယာ လျော်ကြေးငွေပေးချေသည့်အခါတွင်လည်း သက်ဆိုင်ရာ အစိုးရ အာဏာပိုင်၊ စစ်တပ်၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖိအားပေးခြိမ်းခြောက်ခံရမှုရှိပြီး နစ်နာသူဒေသခံ ရွာသားများဘက်က ကြောက်ရွံ့မှုဖြင့် လျော်ကြေးငွေကို လက်ခံသဘောတူကာယူခဲ့ရကြောင်းလည်း စောဝေလေးက ပြောသည်။

ကရင်၊ အင်္ဂလိပ်၊ မြန်မာ သုံးဘာသာဖြင့် ထုတ်ဝေသည့် အဆိုပါ 'လူထု ပါဝင်ခွင့်မရှိသည့် စီမံကိန်းများ' အစီရင်ခံစာကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လုပ်ဆောင်နေသည့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် မြေယာသိမ်းဆည်းမှုမှ ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို စာမျက်နှာ တစ်ရာကျော်နှင့် အခန်း ၅ခန်းဖြင့် အသေးစိတ် မီးမောင်းထိုး ဖော်ပြထားခြင်းဖြစ်သည်။

အစီရင်ခံစာ ထုတ်ပြန်ရခြင်းနှင့် ပတ်သက်၍ KHRG ၏ Program Director နော်ထူးထူးက "၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တအားဝင်လာတယ်။ အဲလို ဝင်လာတဲ့ အခါမှ လျစ်လျူရှုခံရမှု၊ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ ဒေသခံတွေ အသံတွေကို စုစည်း တင်ပြတာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဖွံ့ဖြိုးရေး စီမံကိန်းများတွင် အကြီးစားသတ္တုတွင်း၊ ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံ၊ တရုတ်လုပ်ငန်းရှင်များအတွက် တရုတ်မြို့စီမံကိန်း၊ စီးပွားရေး စက်မှုဇုန်၊ အကြီးစား စိုက်ပျိုးရေး လုပ်ငန်း၊ ရေအားလျှပ်စစ်စီမံကိန်း၊ ဆောက်လုပ်ငန်းရေးလုပ်ငန်း၊ လမ်း ဆောက်လုပ်ရေး လုပ်ငန်းတို့ ပါဝင်ပြီး ၎င်းစီမံကိန်းတို့တွင် မြေယာသိမ်းဆည်းမှုများ စွာ ဖြစ်ပေါ်နေသည်ဟု KHRG ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာ မိတ်ဆက်ပွဲသို့ တက်ရောက်လာသူ ကရင်အမျိုးသမီးအစည်းအရုံးမှ နော်အဲ လစ်က" ဖွံ့ဖြိုးရေး စီမံကိန်းတွေကြောင့် ဒေသခံ ပြည်သူလူထုတွေရဲ့ အခွင့်အရေး ချိုး ဖောက်ခံရမှုအပေါ်မှာ အစိုးရပဲဖြစ်ဖြစ်၊ မိခင်အဖွဲ့အစည်း(KNU)တို့ပဲဖြစ်ဖြစ် ကျမတို့ လူမှုအ ဖွဲ့အစည်းတွေဖြစ်ဖြစ် အားလုံးပူးပေါင်းပြီးတော့ ဖြေရှင်းရမယ်။ ဖွံ့ဖြိုးရေး လုပ်ငန်းက အရေး ကြီးတယ်ဆိုပေမဲ့ အကောင်အထည်ဖော်ဆောင်တဲ့နေရာမှာ ပြည်သူတွေရဲ့ အသက်အိုး အိမ်၊ နေရာဒေသတွေကို ထိခိုက်နစ်နာမှု မရှိဖို့က အရေး ကြီးပါတယ် "ဟု ပြောသည်။

ယခုလို မြေယာသိမ်းဆည်းခံရမှုများအပေါ် နစ်နာသူများအတွက် ကြားဝင်လုပ်ဆောင်ပေးသည့် အရပ်ဖက်အဖွဲ့အစည်း (CSO) များနှင့် တိုင်ကြားသူများကို ကေအဲန်ယူနှင့် အစိုးရ တို့မှ ကာကွယ်ပေးရန်၊ လျော်ကြေးငွေပေးရာတွင် ရွာသားများ နစ်မှုမရှိအောင် တွက်ချက် ပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည်ဟု KHRG အစီရင်ခံစာတွင် ထောက်ပြ ထားသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ကာ ဒေသခံများ ကြုံတွေ့နေရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းယူ၍ အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်ရေး ဆိုင်ရာကိစ္စရပ်များကို ပြည်သူများအား အသိပညာပေး လုပ်ဆောင်နေသည့် အဖွဲ့ဖြစ်သည်။ မြေယာသိမ်းဆည်းခံရမှု အခြေအနေများနှင့်ပတ်သက်၍ ယခုအစီရင်ခံစာမှာ တတိယအကြိမ်မြောက် ထုတ်ပြန်ခြင်းဖြစ်သည်။

Link: [http://karennews.org/2018/09/most-of-seized-lands-arent-paid-compensation-under-development-projects-khrg-says/](http://karennews.org/2018/09/most-of-seized-lands-arent-paid-compensation-under-development-projects-khrg-says/)

## တရားဥပဒေနှင့် အုပ်ချုပ်မှု

### မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရက်စက်မှုများကို စွဲချက်တင်ရန် ကုလသမဂ္ဂ အဖွဲ့သစ် ပြင်ဆင်မည်



Frontier Myanmar, 27 September 2018

ရိုဟင်ဂျာလူနည်းစုအပေါ် လူမျိုးတုံး ရှင်းလင်းသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များ ထွက်ပေါ်နေချိန်၌ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ပြစ်မှုများကို စွဲချက်တင်ရေးအတွက် ပြင်ဆင်မည့် အဖွဲ့တစ်ခုအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက စက်တင်ဘာ ၂၇ ရက်နေ့တွင် မဲခွဲဆုံးဖြတ်လိုက်သည်။

၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲသည့် ပြင်း ထန်သည့် နိုင်ငံတကာပြစ်မှုများနှင့် နိုင်ငံတကာ ဥပဒေချိုး ဖောက်မှုများကို စုစည်းရန်၊ ခိုင်မာရန်၊ ထိန်းသိမ်းရန်နှင့် ဆန်းစစ် လေ့လာရန် ဆက်လက်ဆောင်ရွက်နေမည့် လွတ်လပ်သည့် ယန္တရားတစ်ခုကို တည်ထောင်ရန် လူ့အခွင့်အရေးကောင်စီက မဲပေးဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုအဖွဲ့သည် နိုင်ငံတွင်း၊ ဒေသတွင်း၊ သို့မဟုတ် နိုင်ငံတကာတရားရုံး၊ သို့မဟုတ် ခုံရုံးများတွင် လွတ်လပ်၍မျှတသည့် တရားစွဲဆိုမှု ပြုလုပ်ရာတွင် ချောမွေ့မြန်ဆန်စေရန်အတွက် အမှုတွဲများကို ပြင်ဆင်ရန် တာဝန်ယူရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ)နှင့် အစ္စလာမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ) တို့၏ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် ဖော်ပြထားသည်။

လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင် ၄၇ နိုင်ငံအနက် ၃၅ နိုင်ငံက စွဲချက်တင်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ပြီး တရုတ်၊ ဖိလစ်ပိုင်နှင့် ဘူရွန်ဒီတို့ကမူ ကန့်ကွက်မဲပေးခဲ့ကြသည်။ ကျန်နိုင်ငံများက မဲမပေးဘဲ နေခဲ့ကြသည်။

ကောင်စီ၏ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့၊ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် အခြားသော လူ့အခွင့်အရေးအဖွဲ့များက ချက်ချင်းထောပနာပြုခဲ့ကြသည်။ အဆိုပါဆုံးဖြတ်ချက်အား ကုလသမဂ္ဂ အထွေထွေညီလာခံ၌ နောက်ဆုံးအတည်ပြုချက် ရယူရမည်ဖြစ်သည်။

ရိုဟင်ဂျာတို့အပေါ် ကျူးလွန်သည့် လူသားတို့အပေါ် ဆန့်ကျင်သည့်ပြစ်မှုများနှင့် လူမျိုးစုရှင်းလင်းရေး ပြစ်မှုများအတွက် မြန်မာစစ်တပ် အကြီးအကဲနှင့် ထိပ်တန်း အရာရှိကြီးငါးဦးကို စုံစမ်းစစ်ဆေး၊ တရားစွဲဆိုရန် ထိုက်တန်သည့် သက်သေ အထောက်အထား လုံလောက်မှုရှိသည်ဟု ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ စာမျက်နှာ ၄၄၄ မျက်နှာပါ အစီရင်ခံ စာတွင် ဖော်ပြထားသည်။

ထို့ပြင် ကချင်ပြည်နယ် မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်များရှိ လူနည်းစုများအပေါ် ကျူးလွန်ခဲ့သည့် လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာနှင့် စစ်ရာဇဝတ်မှုများကိုလည်း ဖော်ပြထားသည်။

ယခုအခါ နိုင်ငံမဲ့ မူဆလင် ခုနစ်သိန်းခန့်သည် ဘင်္ဂလားဒက်ရှ် နိုင်ငံဘက်ခြမ်းတွင် ခိုလှုံနေထိုင်လျှက်ရှိသည်။ ဘင်္ဂလားဒက်ရှ်နှင့် မြန်မာနှစ်နိုင်ငံတို့အကြား ဒုက္ခသည်များ ပြန်လည်နေရာချထားရေး သဘောတူညီချက် ရခဲ့ကြသော်လည်း မြန်မာနိုင်ငံသို့ ပြန်လာရန် ၎င်းတို့က စိုးရွံ့နေကြသည်။

မြန်မာစစ်တပ်ကမူ ၎င်းတို့အနေနှင့် အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိပဲ ရိုဟင်ဂျာစစ်သွေးကြွများကို အမြစ်ပြတ် ခြေမှုန်း ရှင်းလင်းရန် ၎င်းတို့တွင် ဆောင်ရွက်ခွင့်ရှိသည်ဟု ဆိုသည်။

ကုလသမဂ္ဂနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက မြန်မာစစ်တပ်၏ ဆောင်ရွက်မှုသည် အချိုးမညီမျှလောက်အောင် ပြင်းထန်လွန်းသည်ဟု ပြောကြားသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ARSA အကြမ်းဖက်သမားများ တိုက်ခိုက်မှု မတိုင်ကတည်းကပင် မြန်မာစစ်တပ်များ အင်အားဖြည့်တင်း ထားခဲ့သည်ဟု စွပ်စွဲကြသည်။ 

မြန်မာနိုင်ငံအပေါ် နောက်ထပ် ဖိအားများ ပေးသည့်အနေဖြင့် The Hague မြို့ရှိ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) က မြန်မာနိုင်ငံသည် ICC တွင် ပါဝင် လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း စုံစမ်းစစ်ဆေးမှုများကို လုပ်ပိုင်ခွင့်ရှိသည်ဟု လွတ် လပ်စွာ ဆုံးဖြတ်ထားသည်။

စက်တင်ဘာ ၂၇ ရက်နေ့က ထုတ်ပြန်ချက်တွင်လည်း ICC ၏ အဆိုပါဆုံးဖြတ်ချက်ကို မှတ်ချက်ပြုထားပြီး မြန်မာနိုင်ငံတွင် အနာ ဂတ်၌ ပြုလုပ်မည့် စုံစမ်းစစ်ဆေးမှုများအတွက် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ရန် ယန္တရားတစ်ခု ဖွဲ့စည်းပေးရေးကိုလည်း ပန် ကားထားသည်။

ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာကိုလည်း အဆိုပါ ယန္တရားသစ်လုပ်ငန်း စတင် နိုင်သည့်တိုင် အောင် တိုးချဲ့ထားသင့်ကြောင်း အဆိုပါ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

လူ့အခွင့်အရေးကောင်စီအနေနှင့် ဤကဲ့သို့သော ယန္တရားမျိုး ဖန်တီးခြင်းမှာ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဆီးရီးယားနိုင်ငံတွင် စစ်ရာဇဝတ်မှု ကျူးလွန်သောအမှုများကို စုံစမ်းရန် ၂၀၁၆ ခုနှစ် ကုန်ပိုင်းတွင် အလားတူ အဖွဲ့ ဖွဲ့စည်းခဲ့ဖူးသည်။ သို့သော် ထိုစဉ်က နယူးယောက်မြို့ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မဲခွဲ ဆုံးဖြတ်ပြီးမှသာ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

Link: https://frontiermyanmar.net/en/new-un-panel-to-prepare-indictments-over-myanmar-atrocities

## အသစ်ဖွဲ့စည်းလိုက်သည့်မွန်ပါတီမှ ၂၀၂၀ ရွေးကောက်ပွဲကြီး ဝင်ရန်ဆောင်ရွက်မည်

Network Media Group, 25 September 2018

မွန်ပါတီသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြီးတွင် မွန်ပြည်နယ်ရှိ လွှတ်တော်နေရာအများစုကို အနိုင်ရရှိရန် ရည်ရွယ်သည်။

ပါတီခေါင်းဆောင်ပိုင်း၏ အဆိုအရ ၎င်းတို့သည် ပြည်နယ်ရှိ တိုင်းရင်းသားလူထုအတွင်း ယုံကြည်မှုရရှိအောင် တည်ဆောက်မည်ဖြစ်သည်။ ၂၀၁၀နှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများ၌ ၎င်းတို့၏ဌာနေတိုင်းရင်းသားများထံမှ ပံ့ပိုးမှုရရှိလာအောင် ဦးတည်ထားခဲ့ကြောင်း ရှင်းပြခဲ့သည်။ သို့သော်လည်း မွန်နိုင်ငံရေးပါတီ ၃ခု ပေါင်းစည်းထားသည့် ပါတီအသစ်သည် နည်းဗျူဟာသစ်ရှိခဲ့သည်။



“လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြီးမှာ အခြားတိုင်းရင်းသားတွေကိုလည်း ကျွန်တော်တို့ကို မဲထည့်ဖို့ ကျွန်တော်တို့ ဆက်ပြီး စည်းရုံးသွားမှာပါ ” ဟု မွန်ပါတီ၏ ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သူ နိုင်ကျန်ရစ်က ပြောသည်။ “စည်းလုံးညီညွတ်ရေးက မရှိမရှိအရေးပါပါတယ်။ စည်းလုံးခြင်းသည် အင်အားပါပဲ။ ကျွန်တော်တို့ မွန်နိုင်ငံရေးပါတီတွေကို အောင်မြင်စွာ ပေါင်းစည်းနိုင်ပါပြီး။ ဒီလိုပေါင်းစည်းခြင်းအားဖြင့် အကျိုးရှိလာဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။”

မွန်ပါတီသစ်ကို မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ ၊ မွန်အမျိုးသားပါတီနှင့် မွန်အမျိုးသားကိုယ်စားပြုပါတီစသည့် ပါတီ သုံးခုမှ ဖွဲ့စည်းပြီးနောက် ပြည်သူလူထုထံသို့ သောကြာနေ့တွင် တရားဝင် မိတ်ဆက်ပေးခဲ့သည်။

ပါတီ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူဝါဒ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခြင်းနှင့် အနာဂတ် အစီအစဉ်များကို ၎င်း၏တို့၏ ပထမဆုံးအကြိမ်ဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်သည်။

“ ဒီမိုကရေစီစနစ်အောက်မှာ ကွဲပြားတဲ့ နိုင်ငံရေးပါတီအများအပြားရှိနေတာ အကြောင်းမဟုတ်ပါဘူး။ တိုင်းရင်းသားပြည်သူလူထုက ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ဖို့ လိုပါတယ်။ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုမတိုင်မီ တခြားတိုင်းရင်းသားတွေနဲ့အတူ လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့ စည်းလုံးညီညွတ်ရပါမယ်” ဟု မွန်ဒေသခံကိုမင်းအောင်ထူးက Network Media Group သို့ ပြောခဲ့သည်။

ထို့ပြင် အမျိုးသမီးပါတီ(မွန်) ဖြစ်သည့် မွန်ပါတီဖြစ်သည် ပြည်နယ်တွင် သီးခြားလုပ်ဆောင်နေသည့် တိုင်းရင်းသားမွန်ပါတီအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

AMDP ၊ MNP နှင့် အမျိုးသမီးပါတီ(မွန်)သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ AMDP မှ ပြည်နယ်လွှတ်တော်တွင် လွှတ်တော် ၁ နေရာအနိုင်ရရှိခဲ့ပြီး MNP မှပြည်နယ်လွှတ်တော်တွင် ၂ နေရာ နှင့် ပြည်ထောင်စုအထက်လွှတ်တော်တွင် ၁ နေရာ အနိုင်ရရှိခဲ့သည်။

ပြီးခဲ့သည့်ရွေးကောက်ပွဲ၌ မွန်ပါတီများသည် မဲများ ကွဲနေမှုကြောင့် အလားအလာရှိသည့်လွှတ်တော်နေရာများ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်ဟု မွန်လူထုအတွင်း ယုံကြည်နေခဲ့သည်။

AMDP သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အထက်နှင့် အောက်လွှတ်တော်နေရာနှင့် ပြည်နယ်လွှတ်တော်နေရာစသည်ဖြင့် ၁၆ နေရာအနိုင်ရရှိခဲ့သည်။

Link: https://www.bnionline.net/en/news/newly-formed-mon-party-sets-sights-2020-elections

## စွမ်းဆောင်ရည် မရှိသူများကို ၂၀၂၀ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ NLD မှ ထုတ်ပယ်မည်

The Irrawaddy, 27 September 2018

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် တက်ကြွမှုမရှိဘဲ ပြည်သူလူထုအတွက် စွမ်းဆောင်မှုအားနည်းသူများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ပြီး လာမည့် ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်မပြုရန် စီစဉ်နေကြောင်း ပါတီ ဒု ဥက္ကဌ က စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။

ထိုသို့လုပ်ဆောင်ရန် စီစဉ်ခြင်းသည် ပါတီကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အင်အားတောင့်တင်းရန်နှင့် ပါတီကို ပြည်သူ့အတွက် အင်အားရှိသော ပါတီတခု ဖြစ်စေရန် ရည်ရွယ်သည်ဟု NLD ၏ သြဇာအကြီးမားဆုံး အဖွဲ့ဝင်တဦးဖြစ်ပြီး



မန္တလေးတိုင်း ဝန်ကြီးချုပ် တာဝန်ကိုလည်း ထမ်းဆောင်နေသည့် ဦးဇော်မြင့်မောင်က မန္တလေးတွင် ကျင်းပသည့် လွှတ်တော် အစည်းအဝေး အပြီးတွင် သတင်းထောက်များကိုပြောသည်။

"NLD လွှတ်တော်ကိုယ်စားတွေ လွှတ်တော်ပြင်ပမှာ ဘာတွေလုပ်နေတယ်၊ သူတို့မဲဆန္ဒနယ်အတွက် သူတို့ ဘာတွေ ဘယ်လောက်လုပ်နေတယ်ဆိုတာကို ကျနော်တို့ လေ့လာပြီး ပြန်လှန်သုံးသပ်နေတယ်။ တက်ကြွမှုမရှိတာ၊ ပြည်သူအတွက် အလုပ်သေချာမလုပ်တာ၊ ပါတီစည်းမျဉ်းကို မလိုက်နာတာတွေ့ရင် သူတို့ကို လွှတ်တော်ကိုယ် စားလှယ်အဖြစ်ကနေ ဖယ်ရှားပြီး လာမယ့် ၂၀၂၀ ရွေး ကောက်ပွဲမှာ ပါဝင်ခွင့်ပြုမှာ မဟုတ်ဘူး" ဟု ဦးဇော် မြင့်မောင်က ပြောသည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက အပြည့်အဝ အားကိုး အားထားနိုင်သည့် ခိုင်မာတက်ကြွတာဝန်ကြေသော နိုင်ငံရေးသမားများ ဖြစ်စေလိုသည်ဟု ဦးဇော်မြင့်မောင်ပြောသည်။

"လွှတ်တော်တွင်းမှာရော ပြင်ပမှာပါ အခက်အခဲတွေရှိနေတာကို ကျနော် နားလည်တယ်။ ကျနော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အတွက် အခိုင်အမာ ရပ်တည်နိုင်ပြီး သူတို့လုပ်အားနဲ့ ပါတီကို ကြံ့ခိုင်အောင် လုပ်နိုင်တဲ့ အင်အားအပြည့်နဲ့ တက်ကြွတာဝန်ကျေတဲ့လူတွေဖြစ်စေချင်တယ်" ဟု ဆိုသည်။

"ပြည်သူအတွက် အပြည့်အဝ အလုပ်လုပ်၊ ပါတီအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပါတီစည်းကမ်းလိုက်နာတဲ့ ကိုယ်စားလှယ်တွေကိုပဲ ဆက်ထားမယ်" ဟု သူပြောသည်။

NLD သည် အာဏာရပါတီဖြစ်လာပြီးနောက်ပိုင်း ပါတီစည်းမျဉ်းချိုးဖေါက်မှုအတွက် သတိပေးချက်များထုတ်ပြန်ပြီး ပါတီဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်အချို့ကို ထုတ်ပယ်ခြင်းများ ရှိခဲ့သည်။

Link: https://www.irrawaddy.com/news/burma/nld-purge-ineffective-members-parliament.html

## ရှုံးနိမ့်သော်လည်း နိုင်ငံရေးပါတီငယ်များမှ ၂၀၂၀ ရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်

Myanmar Times, 1 October 2018

မြန်မာနိုင်ငံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့အပြင် နိုင်ငံရေးပါတီ ၁၀၀ နီးပါးရှိသည်ဆိုတာကို သိကြပါသလား။ အများစုမှာ ဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာပါတီများဖြစ်ကြသည်။ ၎င်းတို့ပါတီများသည် ယခင်ရွေးကောက်ပွဲတွင် အခြေအနေမလှဖြစ်ခဲ့သော်လည်း ၎င်းတို့အနေနှင့် အနိုင်ရရန်အတွက် နည်းလမ်းများရှာဖွေခြင်းကိုတော့ ဘယ်တော့မျှ ရပ်တန့်နေမည် မဟုတ်ပေ။




၂၀၁၁ ခုနှစ်၌ ပါတီစုံစနစ်စတင်ကတည်းကပင် နိုင်ငံရေးပါတီ ၉၅ ခုသည် ရွေးကောက်ပွဲကော်မရှင်ထံတွင် မှတ်ပုံတင်ခဲ့သည်။

" ပါတီများလာတယ်ဆိုတာ လူတွေက နိုင်ငံရေးကို စိတ်ဝင်စားလာတယ်လို့ဆိုရမှာပေ့ါ။ နိုင်ငံရေးပါတီတွေကနေတဆင့် သူတို့ရဲ့အိုင်ဒီယာတွေကိုထည့်ဖို့အတွက် နိုင်ငံရေးမှာ ပါဝင်ချင်လာကြတယ် " ဟု ကိုလိုနီခေတ်အတွင်း ဖက်စစ်ဆန့်ကျင်သည့် ပြည်သူ့လွတ်မြောက်ရေးခေတ်ကတည်းကပင် နိုင်ငံရေးလုပ်လာသူ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ဥက္ကဋ္ဌ စစ်ပြန်ဟောင်းနိုင်ငံရေးသမားဦးသုဝေက ပြောခဲ့သည်။

ကော်မရှင်၏အဆိုအရ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး၌ အောက်လွှတ်တော်၊ အထက်လွှတ်တော်၊ ဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တို့တွင် အမတ်နေရာ ၁၁၇၁ ခုအတွက် နိုင်ငံရေးပါတီ □၉၀□ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ပါတီ ၆ ခုမှာ မဲဆန္ဒနယ်ရာပေါင်းများစွာတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပါတီအများစုမှာ မဲဆန္ဒနယ် ဆယ်ခုထက်နည်းပါးစွာ ယှဉ်ပြိုင်ခဲ့ကြသည်။

ပါတီ ၇ ခုမှ ကိုယ်စားပြုအရွေးခံသည့်ကိုယ်စားလှယ်လောင်းများသည် ပြည်နယ်နှင့်ဒေသကြီးလွှတ်တော်များတွင် နေရာ ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရှမ်းပြည်နယ်၌ အင်အားကြီးသောတိုင်းရင်းသားပါတီများထဲမှတစ်ခုဖြစ်သည့် ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီသည် နေရာ ၁၂၀ ခုအတွက် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် နေရာ ၉၀ ခုအတွက် ယှဉ်ပြိုင်ခဲ့သည်။

ကျန်သည့်ပါတီများမှာ ၎င်းတို့အနိုင်ရမည်ထင်သည့်နေရာများတွင်သာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

နိုင်ငံရေးပါတီ ၂၀ ခုသာ ပြီးခဲ့သည့် ရွေးကောက်ပွဲကြီးတွင် အောင်ပွဲခံနိုင်ခဲ့သည်။ NLD သည် နေရာအများဆုံး အနိုင်ရခဲ့သည်။ ၎င်း၏နောက်တွင် USDP ၊ ရခိုင်အမျိုးသားပါတီနှင့် ရှမ်းအမျိုးသားပါတီတို့ အနိုင်ရသည်။

ပြီးခဲ့သော ရွေးကောက်ပွဲတွင် ၎င်းတို့၏စွမ်းဆောင်ရည်နည်းပါးခဲ့သော်လည်း ထိုပါတီအများစုမှာ ၎င်းတို့၏ကိုယ်စားလှယ်လောင်းများကို လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခိုင်းရန် ဆုံးဖြတ်ခဲ့သည်။

"ကျွန်တော်တို့ နိုင်ငံဒီမိုကရေစီရရှိအောင် ကျွန်တော်တို့ ကူညီပေးချင်ပါတယ်။ ပါတီက တစ်ဦးတယောက်ချင်းထက်ပိုပြီး များများ လုပ်ဆောင်နိုင်ပါတယ်။ အများတွေကိုထောက်ပြနိုင်မှသာ ပါတီကပိုပြီး ထိရောက်မှာပါ။ လွှတ်တော်မှာ ကျွန်တော်တို့မပါနိုင်ရင်တောင် လွှတ်တော်အပြင်ကနေပြီး အစိုးရဆီကို စကားသံတွေ အကြံပေးမှုတွေ ပေးချင်ပါတယ်" ဟု ၈၈ မျိုးဆက်သစ်ကျောင်းသားလူငယ်ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ပြောသည်။

၎င်းတို့ပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် နေရာ ၃၉ခုအတွက် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ၁ နေရာသာ အနိုင်ရရခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နေရာ ၄၇ ခုအတွက် ထပ်မံ ယှဉ်ပြိုင်ခဲ့သော်လည်း နေရာ တစ်ခုတစ်လေသော်မှ အနိုင်မရရှိခဲ့ပေ။

"အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့ရုံးခန်းငှားရယ်၊ အဖွဲ့ဝင်တွေ စုဆောင်းရယ်၊ မဲဆွယ်စည်းရုံးရေးဆင်းရတယ်။ ကျွန်တော်တို့ အနိုင်မရခဲ့ပေမယ့် လူထုက ကျွန်တော်တို့ပါတီကို သတိပြုမိလာအောင် ကျွန်တော်တို့ ဆက်လက်အားထုတ်သွားမှာပါ။ ကျွန်တော်တို့ပါတီရှေ့ဆက်သွားနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ အိမ်တွေနဲ့ မြေကို ပေါင်နှံထားခဲ့ရပါတယ်"ဟု ဦးရဲထွန်းက ပြောပြခဲ့သည်။

ကော်မရှင်တွင် တိုင်းရင်းသားပါတီ ၅၀ ကျော်သည်လည်း လာရောက်မှတ်ပုံတင်ခဲ့သည်။

မြန်မာ့နိုင်ငံရေးအား ရာစုနှစ်ဝက်လောက်ထိ နိုင်ငံရေးပါတီတစ်ခုတည်းကသာ ကြီးစိုးခဲ့သည်၊ ပါလီမန်ဒီမိုကရေစီအကူးအပြောင်းတွင်မှ တိုင်းရင်းနိုင်ငံရေးပါတီများသည် ၎င်းတို့ကိုယ်ပိုင် လုပ်ငန်းစဉ်များလုပ်ဆောင်ရန် အခွင့်အရေးရခဲ့သည်။

အရှိုချင်းအမျိုးသားပါတီမှ အတွင်းရေးမှူး ဦးဆလိုင်းအောင်မင်းလှိုင်က မိမိပါတီသည် ချင်းတိုင်းရင်းသားအခွင့်အရေးအတွက် တွန်းအားပေးလုပ်ဆောင်ကြောင်း ပြောခဲ့သည်။

"ချင်းလူမျိုးတွေအခွင့်အရေးအတွက် ထိန်းသိမ်းဖို့၊ မြှင့်တင်ဖို့နဲ့ ရရှိဖို့အတွက် ပါတီကို ဖွဲ့စည်းခဲ့တာပါ။ နိုင်ငံရေးပါတီဖွဲ့စည်းခြင်းအားဖြင့် ကျွန်တော်တို့ကိုယ်စားပြုဆောင်ရွက်ပေးတာတွေက ပိုမိုထိရောက်မှုရှိခဲ့တယ်လို့ ထင်ပါတယ် " ဟု သူက ပြောသည်။ ပါတီသည် ၂၀၁၅ ခုနှစ်တွင် နေရာ ၈ နေရာအတွက် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း မည်သည့်နေရာတွင်မျှ အနိုင်မရရှိခဲ့ပေ။

ရှမ်းပြည်နယ်ရှိ အခါအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူးဖြစ်သူ ဦးအားလယ်က အခါလူမျိုးများ စည်းလုံးမှုရှိစေရန်အတွက် ပါတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

"အခါဆိုတာ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာရှိတဲ့ တတိယအကြီးဆုံးတိုင်းရင်းသားအစုပါ။ သူတို့ကို ဘာသာရေးက နှစ်ပေါင်းရာချီ ဦးဆောင်ခဲ့ပါတယ်။ ဘာသာက လူထုက ဦးဆောင်ရတာ လွယ်တဲ့အလုပ်မဟုတ်ပါဘူး။ ကျွန်တော်တို့လူမျိုးတွေက ဗုဒ္ဓဘာသာ၊ ရိုးရာနတ်နဲ့ ခရိယာန်အစရှိ ဘာသာတွေကို ကိုးကွယ်ကြပါတယ် ဟု သူကပြောသည်။

၂၀၁၅ ခုနှစ်တွင် ၎င်းတို့ပါတီသည် နေရာ ၆ ခုအတွက် ယှဉ်ပြိုင်ခဲ့ပြီး အခါတိုင်းရင်းသားရေးရာဝန်ကြီးနေရာကို အနိုင်ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ ကံကောင်းထောက်မလှစွာ အနိုင်မရခဲ့ပေ။

ရှုံးနိမ့်ခဲ့သော်လည်း ၎င်းပါတီဝင်များ၏ စိတ်အားထက်သန်မှုကတော့ မေးမှိန်မသွားခဲ့ကြောင်း ဦးအားလယ်ပြောသည်။

၂၀၁၀- ၂၀၁၈ တွင် ကော်မရှင်သည် နိုင်ငံရေးပါတီ ၁၅ ခုကို ဖျက်သိမ်းခဲ့သည်၊ ၎င်းတို့ထဲမှ ၈ ခုသည် ရွေးကောက်ပွဲတွင် အနည်းဆုံး ၃နေရာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ကို ပျက်ကွက်ခဲ့သောကြောင့်ဖြစ်သည်။ ဥပဒေအရ ရွေးကောက်ပွဲတွင် အနည်းဆုံး ၃နေရာ ဝင်ရောက်ယှဉ်ပြိုင်ရန် ပျက်ကွက်ခြင်းရလဒ်အနေဖြင့် ပါတီသည် အသိအမှတ်ပြုခြင်း မခံရတော့ပေ။ အခြားသောပါတီများသည် အခြားပါတီများနှင့်အတူ ပေါင်းစည်းရန်အတွက် စည်းကမ်းနှင့် မညီညွှတ်သောကြောင့်ဖြစ်သည်။

ပါတီ၃ ခုပေါင်းစည်းခဲ့ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီမှ အတွင်းရေးမှူးဖြစ်သူ ဦးစောမြင့်ထွေးက ပေါင်းစည်းခြင်းသည် လူထုအား ပိုမိုအားကောင်းသည့်နိုင်ငံရေးဆိုင်ရာကိုယ်စားပြုပေးနိုင်ရန် ရည်ရွယ်သည်။

"လူထုက ကျွန်တော်တို့ကို ပေါင်းစည်းစေချင်ခဲ့တယ်၊ ဒါကြောင့် မူတွေမတူပေမယ့် ကျွန်တော်တို့ပေါင်းစည်းခဲ့တာပါ" ဟု သူက ပြောသည်။

၎င်းတို့ အနေနှင့် အခက်အခဲများ ရင်ဆိုင်ရသော်လည်း နိုင်ငံ၏ဒီမိုကရေစီအကူးအပြောင်းကာလတွင် ၎င်းတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ကစားနေရခြင်းဖြစ်သည်ဟု နိုင်ငံရေးပါတီငယ်များကယုံကြည်နေကြသည်၊ အဘယ့်ကြောင့်ဆိုသော် လူထု၏အသံကို ကြားနိုင်ရန် လိုအပ်သောကြောင့်ဖြစ်သည်။

၎င်းတို့သည် နောက်ဆုံးတွင် ညွန့်ပေါင်းအစိုးရ၏ တစိတ်တပိုင်းဖြစ်လာမည်ဖြစ်ပြီး ပြည်သူ၏အကျိုးစီးပွားကို အကောင်းဆုံးကိုယ်စားပြုဆောင်ရွက်ပေးနိုင်သည်ဟု ပါတီများမှ ခေါင်းဆောင်များက ယုံကြသည်ကြသည်။ အဟန့်အတားအနှောင့်အယှက်များရှိသော်လည်း ဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာနိုင်ငံရေးသို့သွားရာတွင် ၎င်းတို့၏ ယုံကြည်ချက်သည် ဆက်လက်ခိုင်မာနေဆဲဖြစ်သည်။

Link: https://www.mmtimes.com/news/small-political-parties-prepare-2020-elections-despite-losses.html

## ၂၀၀၈ ဖွဲ့စည်းပုံ ပြင်နိုင်မှသာ အသွင်ကူးပြောင်းရေးကို အာမခံနိုင်မည်ဟု အစိုးရပြော

Myanmar Times, 20 September 2018

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တဆင့်ပြီး တဆင့် ပြင်နိုင်မှသာလျှင် အသွင်ကူးပြောင်းရေးကို အာမခံနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စု အစိုးရ ကိုယ်စား နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေက ယနေ့ ကျင်းပသည့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး တွင်ပြောသည်။



ပြည်ထောင်စုလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး၊ ၂၃ ရက်မြောက်နေ့တွင် နိုင်ငံတော အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှု ဆိုင်ရာ အစီရင်ခံစာတင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်သို့ လာရောက်တင်ပြစဉ် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီး ဦးကျော်တင့်ဆွေ က "နိုင်ငံတော် အစိုးရအနေနဲ့ မျှော်မှန်းထားသည့် ဒီမိုကရေစီ စံနှုန်းများကို ရောက်အောင် သွားဖို့ ၊ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အတွက် အချိန်အပိုင်းအခြားနှင့် အဆင့်အလိုက် ရှေ့ဆက်ရမှာ ဖြစ်ပါတယ်။ အခက်အခဲတွေ ၊ စိန်ခေါ်မှုတွေ ရှိနေပေမယ့်လည်း ဘုံရည်မှန်းချက် ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်ကတော့ ပျောက်ပျက်သွားလို့ မရပါဘူး" ဟု ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ပင်လုံ ၊ ဒုတိယ အစည်းအဝေးတွင် ခွဲမထွက်ရေး ဆိုသည့် အချက်နှင့် တိုက်ရိုက် ဆက်စပ်နေသည့် ကိုယ်ပိုင်ပြဌာန်းခွင့် ပြည်နယ်များ၏ ကိုယ်ပိုင် အခြေခံ ဥပဒေ ရေးဆွဲရေး စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သဘောတူထားပြီးမှ ချန်လှပ်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ခွဲမထွက်ရေးက အရေးကြီးသလို၊ ခွဲမထွက်ချင်တဲ့ ခွဲထွက်စရာမလိုတဲ့ ပြည်ထောင်စုကြီး ဖြစ်လာ အောင်အားလုံး လက်တွဲ ပူးပေါင်းရန် အရေးတကြီး လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။

ရခိုင်အမျိုးသားပါတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစောက "ကျနော်တို့ ဦးကျော်တင့်ဆွေမိန့်ခွန်းကို အများကြီးမျှော်လင့်ပါတယ်။ ကျနော်တို့ မျှော်လင့်သလို ဖြစ်မလာဘူး" ဟု မီဒီယာများကိုပြောသည်။

ခွဲထွက်ခွင့်ကို သေးငယ်သည့် တိုင်းရင်းသား ပါတီများကအစ တောင်းခံနေမှုများရှိနေကြောင်း ထိုသို့ ခွဲထွက်မည်ဆိုသည့် အဓိပ္ပာယ်မှာ သမ္မတနိုင်ငံ ထူထောင်မည်ဟု သဘော သက်ရောက်ကြောင်း၊ လက်ရှိနိုင်ငံ အတွင်းမှာ စီးပွားရေး အခြေအနေမှာ အလွန်ဆိုးဝါးနေသည့် အတွက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်မည်ဟူသည့် ပေါ်လစီ အပြောင်းအလဲများ ပါဝင်ခြင်း မရှိသည့် အတွက် အားရ ကျေနပ်မရှိကြောင်း ဦးဦးလှစောက ပြောသည်။

နိုင်ငံရေး သဘောတူညီချက်များ ထွက်ပေါ်လာရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ အစည်းအဝေး ၃ ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း။ အစည်းအဝေး သဘောတူညီချက်များ အရ နိုင်ငံရေး သဘော တူညီချက်ပေါင်း ၅၁ ချက် ရရှိခဲ့ကြောင်း ၊ တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုခဲ့ကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စု အကောင်အထည်ဖော်ဆောင်သွားမည်ကို နိုင်ငံတော် အစိုးရ အနေဖြင့် အကြိမ်ကြိမ် ပြောခဲ့ပြီး ဖြစ်သည်ဟု ဦးကျော်တင့်ဆွေက ပြောသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ ( USDP) မှ ပြောရေးဆိုခွင့် ရှိသူ ဒေါက်တာ နန္ဒာလှမြင့် က "ကျနော်တို့လက်ခံတာက ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုတာ ရေးဆွဲတဲ့ အချိန်မှာ လိုအပ်ချက်အရ ရေးဆွဲခဲ့ပေမယ့် ပြောင်းလဲလာတဲ့ ခေတ်ကာလနဲ့ အညီ လိုအပ်ရင် လိုအပ်သလို တချို့ ဥပဒေတွေကို အစားထိုး ပြင်ဆွဲတာ ပြုပြင်ပြောင်းလဲတာ၊ ဖျက်သိမ်းတာတွေ လုပ်ဖို့ လိုအပ်တယ်။ ဒါကြောင့်အခြေခံ ဥပဒေကို သူ့ရဲ့ လိုအပ်တဲ့ အချိန်မှာ လိုအပ်သလို ပြောင်းလဲ ဖို့ဆိုတာ မူအားဖြင့် လက်ခံပါတယ်" ဟု ရောဝတီသို့ပြောသည်။

နိုင်ငံတော် အစိုးရက လက်ရှိ ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက် ပန်းတိုင်မှာ အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အတွက် နိုင်ငံရေး သဘောတူညီမှု ရရှိရန် နှင့် ပြည်ထောင်စု သဘောတူ စာချုပ် ခိုင်ခိုင်မာမာ ချုပ်ဆိုပြီး ဆက်လက် အကောင် အထည်ဖော်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တဆင့် ဘုံသဘောတူ လက်ခံသည့် အခြေခံမူများ ထွက်ပေါ်လာရန် ဆောင်ရွက်နေကြောင်း ဦးကျော်တင့်ဆွေက ပြောသည်။

တပ်မတော် အစိုးရလက်ထက်က ရေးစွဲ ပြဌာန်းခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တပ်မတော်ခေါင်းဆောင်များက ၎င်းတို့ အကျိုးအတွက် စိတ်ကြိုက် ရေးစွဲပြဌာန်းထားခြင်းဖြစ်ပြီး ဒီမိုကရေစီခရီးလမ်းအတွက် အဓိက အဟန့်အတားဖြစ်ကြောင်း လက်ရှိအာဏာရ အမျိုးသား ဒီမိုကရေ စီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသား အင်အားစုများ၊ နိုင်ငံရေး ပါတီများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများက ဝေဖန် ခဲ့ကြသည်။

လက်ရှိ အာဏာရ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင် ပေး မည်ဟု ဆိုကာ ၂၀၁၅ ရွေးကောက်ပွဲတွင် ကြွေးကြော်၍ လူထု ထောက်ခံမှုဖြင့် အနိုင်ရထားသည့် နိုင်ငံရေးပါတီတခု ဖြစ်သော်လည်း ပြင်ဆင်နိုင်ရေး အတွက် ထိထိရောက်ရောက် ဆောင်ရွက်မှု မတွေ့ရသေးပေ။

Link: https://www.mmtimes.com/news/state-counsellors-office-stresses-need-amend-2008-constitution.html

## အခြား

**တန် ၁၀,၀၀၀) ထွက် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် လျာထားမှု ခွင့်ပြုခြင်းမရှိသေးဟု ဗိုလ်ချုပ်ကြီး စောဂျော်နီ ပြော**

Karen Information Center, 3 October 2018

KNU-ကရင်အမျိုးသားအစည်းအရုံး ဖားအံခရိုင်နယ်မြေ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့ ၊ ရင်းဘိုင်း ကျေးရွာအုပ်စု၊ ငှက်ပျော တော ကျေးရွာအနီး ရတနာ စိုင်းကောင်းမြတ်ကျော်ကုမ္ပဏီမှ ဘိလပ်မြေ စက်ရုံတည်ဆောက်မှုအတွက် လျာထားသည့် အပေါ် ၎င်းတို့ သဘောတူခွင့်ပြုထားတာမျိုး မရှိသေးကြောင်း KNU လက်အောက်ခံ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်- KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီက အောက်တိုဘာလ ၂ ရက်နေ့တွင် ပြောသည်။



"ပြည်သူလူထုတွေထိခိုက်စေမဲ့ စီမံကိန်းတွေကို လက်ခံမှာ မဟုတ်ဘူး။ ပြည်သူအကျိုးရှိမယ်ဆိုရင်တော့ ထည့်သွင်းစဉ်း စားသွားမယ်။ အားလုံးက ပြည်သူလူထုဆန္ဒအပေါ်မှာပဲ မူတည်တယ်။ ကုမ္ပဏီဘက်က စီမံကိန်း လုပ်ဖို့ လျာထားတယ်လို့ သိရတယ်။ ကျနော်တို့ဘက်က သဘောတူခွင့်ပြု ထားတာမျိုး ဘာမှမရှိသေးဘူး"ဟု ဘိလပ်မြေ တည် ဆောက်ရန် လျာထားသည့် ကိစ္စနှင့်ပတ်သက်၍ ကေအိုင်စီမှ ဆက်သွယ်မေးမြန်းရာတွင် ဗိုလ်ချုပ်ကြီး စောဂျော်နီက ထိုသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဘိလပ်မြေ စက်ရုံတည်ဆောက်မှုကိစ္စကို KNU ၏ မူဝါဒအတိုင်းသာ ရပ်တည်သွားမည်ဖြစ်ပြီး ကုမ္ပဏီဘက်မှလာ ရောက် ဆွေးနွေးပြောဆိုမှုများရှိသော်လည်း ဗဟိုကိုတင်ပြပြီးမှ ဆုံးဖြတ်ချက်ရယူသွားမည်ဟု ဗိုလ်ချုပ်ကြီးစောဂျော်နီက ဆက်လက် ပြောသည်။

တည်ဆောက်ရန် လျာထားသည့် ၎င်းဘိလပ်မြေစက်ရုံမှာ တစ်ရက်လျှင် တန်ချိန် တစ်သောင်း ၁၀,၀၀၀) ထုတ်လုပ် နိုင်သည့် ၂ )လိုင်းပါရှိမည့် အဆိုပါစက်ရုံအား အမေရိကန်ဒေါ်လာ သန်း ၇၆၀) ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး New Day Process နိုင်ငံတကာ အဆင့်မီ နောက်ဆုံးနည်းပညာဖြင့် တည်ဆောက်မည်ဖြစ်ကာ ဒေသခံ ၅၀၀၀ ဝန်းကျင် အလုပ်အကိုင်ရရှိနိုင်မည်ဟု ကုမ္ပဏီ တာဝန်ရှိဘက်မှ ပြောဆိုထားသည်။

ရတနာစိုင်းကောင်းမြတ်ကျော်ကုမ္ပဏီမှ စက်ရုံတည်ဆောက်မည့်ကိစ္စနှင့် ပတ်သက်၍ စက်တင်ဘာ ၂၃ ရက်နေ့က သက်ဆိုင်ရာနယ်မြေအာဏာပိုင်များနှင့် တွေ့ဆုံပွဲတစ်ခုပြုလုပ်ခဲ့ပြီး ရှမ်းရွာသစ် စီမံကိန်းဒေသရှိ ဌာနေလူထုများ၏ သဘောထား ရယူမှု တစ်ခုလည်း ပြုလုပ်သွားကြောင်း သိရသည်။

ကရင်မြစ်ချောင်းစောင့်ကြည့်ထိန်းသိမ်းရေးအဖွဲ့ (KRW)မှ စောသာဘိုးက "စီမံကိန်းနဲ့ ပတ်သက်ပြီး သူတို့လုပ်တဲ့ပွဲ တွေ မှာ အရပ်ဖက်အဖွဲ့တွေကို ဖိတ်တာမျိုးမရှိပါဘူး။ ထိခိုက်မှုမရှိသလောက်နည်းတယ်လို့ သူတို့ဖော်ပြထားတယ်။ သို့သော် လည်း နည်းပညာပိုင်းဆိုင်ရာတွေမှာ ဘယ်လိုလုပ်မှာလဲဆိုတဲ့ ကိစ္စက ဒေသခံတွေကို အသိပေးသင့်တယ်။ စီမံကိန်းလုပ် မဲ့နေရာမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေ၊ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီအောင်လုပ်ဖို့လိုသလို အလွှာအသီးသီးက ဒေသခံတွေ ပါဝင်ခွင့်ရှိဖို့လည်း လိုတယ်"ဟု ပြောသည်။

၎င်းအပြင် ယခုတည်ဆောက်ရန် လျာထားသည့် ဘိလပ်မြေစီမံကိန်းအပေါ် အရပ်ဖက်အဖွဲ့အစည်းများ အပါအဝင် ဒေသခံများက စိုးရိမ်မှုများရှိသလို ဒေသခံများအား ရှင်းရှင်းလင်းလင်း အသိပေးချပြခြင်းမရှိဘဲ စီမံကိန်းကို အကောင် အထည်ဖော်ဆောင်မည်ဆိုပါက လက်ရှိ ဖော်ဆောင်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထိခိုက်သွားနိုင်သည်ဟု လည်း စောသာဘိုးက မှတ်ချက်ပြုသည်။

စက်ရုံတည်ဆောက်မှုကိစ္စနှင့် ပတ်သက်၍ ကုမ္ပဏီမှ စီမံကိန်းဧရိယာတွင် ပါဝင်သည့် လယ်ယာခြံမြေများကို တန်ဖိုးနှုန်း အတိုင်း ပေးသွားမည်ဖြစ်ပြီး ၎င်းစက်ရုံတည်ဆောက်မည့်အပေါ် ကရင်ပြည်နယ် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကနဦးသဘောတူညီမှု ရရှိထား သည်ဟု သိရသည်။

Link: [https://www.bnionline.net/en/news/no-permission-has-been-granted-construction-10000-ton-cement-plant-gen-saw-johnny](https://www.bnionline.net/en/news/no-permission-has-been-granted-construction-10000-ton-cement-plant-gen-saw-johnny)

## ဒုံရင်းရှိ ကျေးရွာအုပ်စု ၁၀ ခုတွင် "မိမိကိုယ်ကို ဦးဆောင်နိုင်မှု သင်တန်း" ပြုလုပ်ပေးနေ

Karen Information Center, 4 October 2018

ကရင်လူငယ်အစည်းအရုံး- KYO မှ ဦးဆောင်ပြုလုပ်သည့် "**မိမိကိုယ်ကို ဦးဆောင်နိုင်မှု သင်တန်း (Personal Leadership Training)** " တစ်ရပ်ကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်နေ့အထိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဖားအံခရိုင်၊ ဒုံရင်းမြို့နယ်၊ ကော့မူးနတ်ကျေးရွာတွင် ဖွင့်လှစ်နေကြောင်း သိရသည်။

KYO နှင့် ဆွေသဟာအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် ၃ ရက်တာ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ သင်တန်း ဆရာတစ်ဦးဖြစ်သူ ဆွေသဟာအဖွဲ့၏ ဦးဆောင်နာယက အတွင်းရေး မှူး စောရေမွန်က ယခုလို ပြောသည်။



၎င်းက "လူငယ်တွေဟာ သူများတွေကို ဦးမဆောင်ခင်မှာ ကိုယ့်ကိုယ်ကို ဦးဆောင်နိုင်အောင် အရင်ဆုံး ကိုယ့်အကြောင်း၊ ကိုယ့်အခြေအနေကို ကိုယ်သိပြီး အောင်မြင်ဖို့ အတွက် ဘယ်လိုလုပ်ကြမလဲ။ ကိုယ့်ရဲ့ ရည် မှန်းချက် အောင်မြင်ဖို့ ဘယ်နည်းလမ်းနဲ့သွားမလဲဆိုတာကို သိရှိနိုင်ဖို့ အဓိက ဒီသင်တန်းမှာ ရည်ရွယ်ပါတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

ယင်းသင်တန်းတွင် မိမိကိုယ်ကို ဦးဆောင်မှု၊ တာဝန်ယူ တာဝန်ခံစိတ်၊ Win-Win solution (သူနိုင်ကိုယ်နိုင်)၊ အပြန်အလှန်နားလည်မှု စသည့် ခေါင်းစဉ်များကို ပို့ချသွားမည်ဖြစ်ကာ ဒုံရင်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၀ ခုမှ KYO လူငယ်များနှင့် ကျေးရွာလူ ငယ်များ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်နေ ကြောင်း သင်တန်းတာဝန်ရှိသူများက ပြောသည်။

ဒုံရင်းမြို့နယ်၊ ကော့မူးနတ်ကျေးရွာမှ သင်တန်းသား စောအောင်ဇော်ဦးက "ကျနော်တို့ ဒုံရင်းမြို့နယ်က လူငယ် တွေရဲ့ စိတ်ဓာတ်ကောင်းကောင်းနဲ့ အသိပညာ၊ အတတ်ပညာတိုးတက်မှုတွေရှိဖို့၊ ပေါက်မြောက်အောင်မြင် ဖို့အတွက် ဝိုင်းဝန်းကူ ညီပေးတဲ့ အနေနဲ့ရော၊ ကျနော်ကိုယ်တိုင်ကလည်း မသိသေးတဲ့ ပညာဗဟုသုတတွေ သိလာဖို့အတွက် ဒီသင်တန်းကို တက်နေတာပါ " ဟု ပြောသည်။

KYO နှင့် ဆွေသဟာအဖွဲ့ တို့ပူးပေါင်း၍ ယခုလို " **မိမိကိုယ်ကို ဦးဆောင်နိုင်မှု သင်တန်း (Personal Leadership Training)** " ကို ကရင်ပြည်နယ်ရှိ သံတောင်၊ ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ်တို့တွင် ပြုလုပ်ပြီးစီးခဲ့ ပြီးဖြစ်သလို ရှေ့ဆက်၍ ပိုင်ကျုံမြို့နယ်တွင်လည်း ပြုလုပ်သွားဖို့ရှိကြောင်း ဆွေသဟာအဖွဲ့မှ ပြောသည်။

Link: [https://www.bnionline.net/en/news/personal-leadership-training-provided-ten-village-tracts-under-don-yin-township](https://www.bnionline.net/en/news/personal-leadership-training-provided-ten-village-tracts-under-don-yin-township)

## မြဝတီတွင် အိမ်ရာနှင့် အဝေးပြေးကားဝင်း စီမံကိန်းတည်ဆောက်ရန် KNU တပ်မဟာ □၇□ ကုမ္ပဏီ စီစဉ်

Karen Information Center, 24 September 2018

နယ်စပ်ဒေသ ဒုက္ခသည်စခန်းများရှိ ကရင်တိုင်းရင်းသားများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ဒေသခံနှင့် အခြေခံ ပြည်သူများအတွက် ရည်ရွယ်ပြီး KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ□၇□ ကုမ္ပဏီတစ်ခုဖြစ်သည့် Stepping Stone Company Limited မှ မြဝတီမြို့တွင် စိမ်းလဲ့မြိုင်စီမံကိန်းအမည်ဖြင့် တန်ဖိုး နည်းအိမ်ရာ တစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။




အဆိုပါ စီမံကိန်းကို ကရင်ပြည်နယ်၊ မြဝတီမြို့၊ မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားမှ ၄ မိုင်အကွာ အာရှ လမ်းမကြီးဘေးရှိ မြေဧက ၄၈ ကေပေါ်တွင် ယခုနှစ်ကုန်ပိုင်းမှစတင်ကာ အကောင်အထည် ဖော်ဆောင်ရွက် သွားမည်ဟု စီမံကိန်းဖြစ်မြောက် ရေးအတွက် တာဝန်ယူချိတ်ဆက်ပေးသည့် တာဝန်ခံ တစ်ဦးဖြစ်သူ ဗိုလ်မှူးရှေး က ယခုလို ပြောသည်။

"ဒုက္ခသည် စခန်းမှာရှိတဲ့ ကရင်ပြည်သူတွေ နောက်ပြီး လက်လုပ်လက်စားလုပ်တဲ့ပြည်သူတွေ တစ်ခြားနေရာမှာ ငှားနေရမယ့်အစား ကိုယ်ပိုင်တိုက်ခန်းလေးရှိသွားအောင် ဝယ်နိုင်မယ့်ဈေးနှုန်းနဲ့ ရည်ရွယ်ပြီးလုပ်တာဖြစ်ပါတယ်"ဟု ၎င်းက ကေအိုင်စီသို့ ပြောသည်။

အကောင်အထည်ဖော်မည့် စိမ်းလဲ့မြိုင်စီမံကိန်းတွင် အိမ်ခန်းပေါင်း ၁၀□၀၀၀ ကျော်နှင့် ဈေး၊ ခန်းမ၊ ကျောင်း ၊ ဆေးရုံ ကျန်းမာရေးစင်တာ၊ ကလေးကစားကွင်းနှင့် ပန်းခြံစသည့် အဆောက်အဦးများပါဝင်မည်ဖြစ်ပြီး အိမ်ရာအပါအဝင် ယာဉ်သွားလာရပ်နားမှု အဆင်ပြေစေရန် အဝေးပြေးကားဝင်းတစ်ခုကို လည်း တည်ဆောက် သွားမည်ဟုလည်း သိရသည်။

ရောင်းချသည့်အိမ်ခန်းများအတွက် လစဉ် ငွေကျပ် တစ်သိန်းဝန်းကျင်မှ စတင်ပြီး နှစ် ၂၀ အရစ်ကျ ငွေပေးချေ သည့် စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကာ စီမံကိန်း စတင်သည့် ၃ နှစ်မှ ၅ နှစ်အတွင်း ဦးစွာဝယ်ယူထားသူများ အနေဖြင့် တည်ဆောက် ပြီးသွားသော အခန်းများတွင် အစီအစဉ်လိုက် ဝင်ရောက်နေထိုင်နိုင်သည်ဟု သိရ သည်။

မကြာမီ စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည့် ယင်းစိမ်းလဲ့မြိုင်စီမံကိန်းမှာ KNU တပ်မဟာ□၇□ ရှိ ကုမ္ပဏီများထဲမှ ကရင်ပြည်နယ် အစိုးရ လမ်းညွှန်ခွင့်ပြုချက်ဖြင့် ပထမဦးဆုံးအကြိမ် စတင်ဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်သည်။

Link: [https://www.bnionline.net/en/news/knu-brigade-7-plans-build-housing-highway-bus-terminal-myawaddy](https://www.bnionline.net/en/news/knu-brigade-7-plans-build-housing-highway-bus-terminal-myawaddy)

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.